
# Job aid for finger prick blood collection of STANDARD Q HIV 1/2 Ab 3-Line Rapid Test & HIV/ Syphilis Combo Rapid Test


## သွေးဖောက်ရန်လိုအပ်သောပစ္စည်းများကို စုဆောင်းပါ။

- အရက်ပြန်ဆွတ်ထားသောဂွမ်း (alcohol swab)
- သွေးဖောက်ရန်အပ် (lancet)
- သွေးဖောက်ထားသောအပ် စွန့်ပစ်ရန်အမှိုက်ပုံး (sharps container)
- သွေးပေပစ္စည်း စွန့်ပစ်ရန်အမှိုက်အိတ် (biohazard bag)
- ဆံချည်မျှင်ပြွန် (capillary tube)
- ပိုးသတ်ထားသောပတ်တီးစ (sterile gauze)




လူနာထံမှသွေးမဖောက်မီ တစ်ခါသုံးလက်အိတ် ဝတ်ဆင်ပါ။ လူနာတစ်ဦးချင်းစီအတွက် လက်အိတ် အသစ်တစ်စုံကို ပြောင်းလဲအသုံးပြုပါ။


(၁)။ သွေးဖောက်ရန်သင့်တော်မည့်လက်ချောင်းကို ရွေးချယ်ပြီး သွေးထွက်လွယ်ကူစေရန် နှိပ်နယ်ပေးပါ။



(၂)။ ရွေးချယ်ထားသောလက်ချောင်းထိပ်ကို အရက်ပြန်ဆွတ်ထားသော ဂွမ်းနှင့် သန့်စင်ပါ။





(၃)။ အရက်ပြန်ခြောက်သွေ့သွားပါက သန့်စင်ထားသော လက်ချောင်းထိပ်ကို တစ်ခါသုံး lancet ဖြင့် သွေးဖောက်ပါ။



(၄)။ အသုံးပြုပြီးသောအပ်ကို sharp box ထဲသို့ စနစ်တကျ စွန့်ပစ်ပါ။





(၅)။ ပထမဦးဆုံး ထွက်လာသောသွေးစက်ကို ပိုးသတ်ထားသည့်ပတ်တီးစ (sterile gauze) ဖြင့်သုတ်ပါ။




(၆)။ အသုံးပြုပြီးသောပတ်တီးစကို biohazard bag အတွင်းသို့ စွန့်ပစ်ပါ။




(၇)။ Capillary tube ကို ဖြည်းညင်းစွာညှစ်ပြီး သွေးစက်၏အလယ်ကို ပွင့်နေသောဘက်ဖြင့် ထိကာ tube ကို တဖြည်းဖြည်းချင်းလွှတ်ပြီး အမည်းရောင်အမှတ် (20 µl) ရောက်သည်အထိ သွေးစုပ်ယူပါ။။




(၈)။ ပိုးသတ်ထားသောပတ်တီးစဖြင့် သွေးဖောက်ထားသော လက်ချောင်းကို လူနာအားသွေးတိတ်သည်အထိ ဖိထားခိုင်းပါ။



*References : WHO Prequalification of In Vitro Diagnostics PUBLIC REPORT/ Product :STANDARD Q HIV 1/2 Ab 3-Line RAPID TEST, STANDARD Q HIV /SYPHILIS COMBO RAPID TEST and WHO /CDC finger prick job aid*